# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၂ / ၂၀၁၃)**

၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်

အကြောင်းအရာ။ **ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးကြေး၊ ပြင်ဆင်ကြေး၊ မိတ္တူမှန်ကြေးနှင့် သက်တမ်းတိုးနောက်ကျကြေးများ ထုတ်ပြန်ခြင်း**

၁။ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးကြေး၊ ပြင်ဆင်ကြေး၊ မိတ္တူမှန်ကြေးနှင့် သက်တမ်းတိုးလျှောက်ထားမှုနောက်ကျကြေးများကို (၂၈-၂-၂၀၀၆) ရက်စွဲပါ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ (၆/၂၀၀၆)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုကုမ္ပဏီမှတ်ပုံတင်သက်တမ်းအား (၂)နှစ်မှ (၃)နှစ်သို့လည်းကောင်း၊ (၃)နှစ်မှ (၅)နှစ်သို့လည်းကောင်း အဆင့်ဆင့်ပြင်ဆင်သတ်မှတ်ခဲ့ပါသဖြင့် ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းအား (၂)နှစ်မှ (၃)နှစ်သို့လည်းကောင်း၊ (၃)နှစ်မှ (၅)နှစ်သို့လည်းကောင်း ကုမ္ပဏီမှတ်ပုံတင်သက်တမ်းအတိုင်း ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

၃။ တိုးမြှင့်သတ်မှတ်ခဲ့သည့်မှတ်ပုံတင်သက်တမ်းနှင့်အညီ မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးကြေးများ သတ်မှတ်နိုင်ရန်အတွက် (၂-၄-၂၀၁၃) နေ့တွင်ပြုလုပ်သော ပို့ကုန်သွင်းကုန်လုပ်ငန်းညှိနှိုင်းမှုအဖွဲ့ (၆၂/၂၀၁၃) အစည်းအဝေးနှင့် (၆-၅-၂၀၁၃)နေ့တွင် ပြုလုပ်သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ( ၁၆ /၂၀၁၃) အစည်းအဝေးသို့ တင်ပြပြီး အတည်ပြုခဲ့ပါသည်။

၄။ သို့ပါ၍ အတည်ပြုခဲ့သော မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးကြေး၊ ပြင်ဆင်ကြေး၊ မိတ္တူမှန်ကြေးနှင့် သက်တမ်းတိုးနောက်ကျကြေးများကို အောက်ပါအတိုင်း ထုတ်ပြန်အပ်ပါသည်-

(က) <u>မှတ်ပုံတင်ကြေးနှင့်သက်တမ်းတိုးကြေး</u>

(၁) ယာယီ(၆)လ သက်တမ်းအတွက်မှတ်ပုံတင်ကြေး ကျပ် ၅၀၀၀၀

(၂) ယာယီ(၆)လ သက်တမ်းအတွက်တိုးကြေး ကျပ် ၂၅၀၀၀

(၃) ၁နှစ် သက်တမ်းအတွက်မှတ်ပုံတင်ကြေး နှင့်သက်တမ်းတိုးကြေး ကျပ် ၅၀၀၀၀

(၄) ၂နှစ် သက်တမ်းအတွက်မှတ်ပုံတင်ကြေး နှင့်သက်တမ်းတိုးကြေး ကျပ် ၁၀၀၀၀၀

(၅) ၃နှစ် သက်တမ်းအတွက်မှတ်ပုံတင်ကြေး နှင့်သက်တမ်းတိုးကြေး ကျပ် ၁၅၀၀၀၀

(၆) ၃နှစ်အထက်မှ ၅နှစ်အထိ သက်တမ်းအတွက် မှတ်ပုံတင်ကြေး နှင့်သက်တမ်းတိုးကြေး ကျပ် ၂၀၀၀၀၀

(ခ) <u>သက်တမ်းတိုးလျှောက်ထားမှုနောက်ကျခြင်းအတွက်ဒဏ်ကြေး</u>

(၁) ထသကမှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီး ပထမ(၁)လအတွင်း လျှောက်ထားလျှင် ကျပ် ၅၀၀၀

(၂) ထသကမှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီး ဒုတိယ(၁)လအတွင်း လျှောက်ထားလျှင် ကျပ် ၁၀၀၀၀

(၃) ထသကမှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီး တတိယ(၁)လအတွင်း လျှောက်ထားလျှင် ကျပ် ၁၅၀၀၀

(၄) ထသကမှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီး (၃)လ ကျော်လွန်လျှင် ကျပ် ၃၀၀၀၀

(ဂ) ပြင်ဆင်ကြေး ကျပ် ၁၀၀၀

(ဃ) မိတ္တူမှန်ကြေး ကျပ် ၃၀၀၀

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**